# မြတ်ဗုဒ္ဓဒေသနာ
# ကျင့်မှတ်ဖွယ်ပဒေသာ

မန္တလေးမြို့ ဦးထွန်းမောင်-ဒေါ်နက်
ရွှေဘိုမြို့ မေတ္တာ ဦးချစ်မောင် ဒေါ်မြရှင်
နှစ်ဘက်သော မိဘတို့ကို အမှူးထား၍

မေတ္တာဂေဟာ၊ ဈေးတန်းရပ် ရွှေဘိုမြို့
ဒေါက်တာကျော်ဌေး ဇနီး ဒေါက်တာခင်ဆွေမြင့်
သား အောင်ကျော်ဇေယျ၊
သမီး ခင်ကျော်ကျော်ဆွေ၊ ခင်ကျော်ကျော်ဇေ
တို့၏
ပဗ္ဗဇ္ဇ ရှင်ပြုအလှူတော်မင်္ဂလာ၊ ကဏ္ဏဝိဇ္ဈနမင်္ဂလာ

## ဓမ္မဒါန

သာသနာ ၂၅၃၁ ကောဇာ ၁၃၄၉ ခရစ် ၁၉၈၇

# မြတ်မုန္ဒဒေသနာ
# ကျင့်မှတ်ဖွယ်ပဒေသာ

မန္တလေးမြို့ ဦးထွန်းမောင်-ဒေါ်နက်

ရွှေဘိုမြို့ မေတ္တာ ဦးချစ်မောင်-ဒေါ်မြရှင်

နှစ်ဖက်သော မိဘတို့ကို အမှူးထား၍

မေတ္တာဂေဟာ၊ ဈေးတန်းရပ်၊ ရွှေဘိုမြို့

ဒေါက်တာကျော်ဌေး ဇနီး ဒေါက်တာခင်ဆွေမြင့်

သား အောင်ကျော်ဇေယျ၊

သမီး ခင်ကျော်ကျော်ဆွေ၊ ခင်ကျော်ကျော်ဇေ

တို့၏

ပဗ္ဗဇ္ဇ ရှင်ပြုအလှူတော်မင်္ဂလာ၊ ကဏ္ဏဝိဇ္ဈနမင်္ဂလာ

## ဓမ္မဒါန

သာသနာ ၂၅၃၁ ကောဇာ ၁၃၄၉ ခရစ်နှစ် ၁၉၈၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့် (၀၉၆၀)
"ချိုးဖြူ"စာပေပုံနှိပ်တိုက် အမှတ်-၉၁၆၊
သုမိတ္တာ ၂၄-လမ်း၊ ၁-ရပ်ကွက် မြောက်ဥက္ကလာပ
ပုံနှိပ်၍
ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး
(မှတ်ပုံတင်အမှတ်-၀၂၅၂၇)က ထုတ်ဝေသည်။



မြတ်ဗုဒ္ဓဒေသနာ ကျင့်မှတ်ဖွယ်ပဒေသာ

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **နိဒါန်း** | .... | ၁ |
| **ဒါနခန်း** | .... | ၃ |
| ဒါန၏မျက်မှောက်ဘဝတွင် အကျိုးပေးခြင်း အကြောင်းတရား ငါးပါး | .... | ၄ |
| ထမင်းလှူဒါန်းရကျိုး ၁၀-မျိုး | .... | ၅ |
| ရေလှူဒါန်းရကျိုး ၁၀-မျိုး | .... | ၅ |
| ရေစစ်လှူဒါန်းရကျိုး ၅-မျိုး | .... | ၆ |
| ပန်းတစ်ပွင့်လှူဒါန်းရကျိုး | .... | ၆ |
| မွဲလျှင်လှူ လှူစရာတွေကပေါ် | .... | ၈ |
| **သီလခန်း** | | |
| အရိယာဥပုသ်များ | .... | ၁၁ |
| ဗြဟ္မဥပုသ် | .... | ၁၁ |
| ဓမ္မဥပုသ် | .... | ၁၂ |
| သံဃာဥပုသ် | .... | ၁၂ |
| သီလဥပုသ် | .... | ၁၂ |
| နတ်ဥပုသ် | .... | ၁၂ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| အရိယာဥပုသ်အကျိုး | .... | ၁၂ |
| နွားကျောင်းသားဥပုသ် | .... | ၁၃ |
| သတိပေးချက် | .... | ၁၃ |
| သီလစင်ကြယ်ရကျိုး | .... | ၁၄ |
| ငါးပါးသီလ | .... | ၁၅ |
| သူတစ်ပါး၏အသက်ကို သတ်ခြင်း၏အပြစ် | | ၁၆ |
| သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး | .... | ၁၆ |
| ခိုးဆိုးတိုက်ခိုက်ခြင်းအပြစ် | .... | ၁၇ |
| ခိုးဆိုးတိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး | | ၁၈ |
| သူတစ်ပါး သားမယားကို ကျူးလွန်ခြင်းအပြစ် | | ၁၉ |
| သူတစ်ပါး သားမယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၁၉ |
| မဟုတ်မမှန် ပြောဆိုခြင်းအပြစ် | .... | ၂၀ |
| မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး | .... | ၂၁ |
| အရက်သေစာ သောက်စားခြင်းအပြစ် | .... | ၂၁ |
| အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၂၂ |
| ရှစ်ပါးသီလ | .... | ၂၂ |
| အာဇီဝဋ္ဌမကသီလ | .... | ၂၃ |
| မိစ္ဆာဇီဝများ | .... | ၂၄ |
| နဝင်္ဂဥပုသ်သီလ | .... | ၂၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဆယ်ပါးသီလ | .... | ၂၅ |
| ချမ်းသာချင်လျှင် သီလဆင့် | .... | ၂၆ |
| အကောင်းဆုံး စီးပွားရှာနည်း | .... | ၂၆ |
| **ဘာဝနာခန်း** | .... | ၂၇ |
| သတိပဋ္ဌာန်အကျိုး ၇-ပါး | .... | ၂၉ |
| အစောင့်အရှောက်တရား ၄-ပါး | .... | ၃၀ |
| မေတ္တာအကျိုး ၁၁-ပါး | .... | ၃၁ |
| **အထွေထွေခန်း** | .... | ၃၃ |
| ဤဘဝချမ်းသာကြောင်းတရား | .... | ၃၃ |
| စီးပွားဥစ္စာပျက်စီးကြောင်း ၄-ပါး | .... | ၃၇ |
| စီးပွားဥစ္စာဝင်လာဖို့အကြောင်း ၄-ပါး | .... | ၃၇ |
| လောကကြီးပွားကြောင်းတရား ၄-ပါး | .... | ၃၈ |
| နောက်ဘဝချမ်းသာကြောင်း ၄-ပါး | .... | ၃၉ |
| ယခုဘဝ နောက်ဘဝအတွက် ကြီးပွားချမ်းသာကို ညွှန်ပြသောတရား | .... | ၃၉ |
| ပူပန်ရတတ်ခြင်းတရား ၁၀-ပါး | .... | ၄၂ |
| **နိဂုံး** | .... | ၄၃ |
| **ဆုတောင်းအမျှဝေလကာ** | .... | ၄၅ |

# မြတ်ဗုဒ္ဓဒေသနာ
# ကျင့်မှတ်ဖွယ်ပဒေသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမော ဗုဒ္ဓဿ၊
နမော ဓမ္မဿ၊
နမော သံဃဿ၊
နမော မာတာပိတုဿ၊
နမော အာစရိယဿ၊

## နိဒါန်း

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဤဘဝ နောင်ဘဝတို့၌ ချမ်းသာသုခရဖို့ အကျိုးငှာ ပွင့်တော်မူလာပါသည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်များသည် မှန်မှန်ကန်ကန် လိုက်နာပါမူ လိုက်နာသူတိုင်းကို ချမ်းသာစေနိုင်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်များသည် နည်းနည်းပါးပါး လိုက်နာသူအတွက် နည်းနည်းပါးပါး ချမ်းသာစေနိုင်ပြီး၊ များများစားစား လိုက်နာသူအတွက် များများစားစား ချမ်းသာစေနိုင်ပါသည်။ တရားတော်များတွင် အောက်တန်း ကိုယ်ကျင့်မှစ၍ အသက်ဆုံးတန်း ကိုယ်ကျင့်အထိ ပါဝင်၏။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ အကျင့်မျိုးသည်လည်းကောင်း၊ လူပျင်း လူအ လူနု လူထိုင်း လူရိုင်းဖြစ်ကြသော ဗာလတို့ကို

အားကိုးအားထား အနေမျိုးအားဖြင့် မပေါင်းလေနှင့် ဟူသော ဩဝါဒမျိုးသည်လည်းကောင်း၊ အလွန်ကြီးကျယ်လှသော အကျင့်မဟုတ်ပါ။ သို့သော် ထိုမျှလောက်လိုက်နာရုံမျှဖြင့် လောက၌ အတော်ချမ်းသာခွင့် ရနိုင်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးအချို့သည် ဘာသာရေးကို တိတိကျကျ နားမလည်ကြသဖြင့် ကြာပင်ကြာရွက်ပေါ်တွင် ထိုင်နေသော်လည်း ကြာဝတ်ဆံနှင့်ကြာပန်းရနံ့ကို မခံစား မသုံးဆောင်ပဲရှုံ့ညွန်ကိုသာ စား၍နေသော ဖားသူငယ်ကဲ့သို့ ဖြစ်နေသည်ဟု ထင်မြင်မိပါသည်၊

ဗုဒ္ဓမြတ်စွာသည် "ချမ်းသာသုခကို ကိုယ်တော်တိုင်ပေးမည်၊ ဒုက္ခမှကိုယ်တော်တိုင်ကယ်တင်မည်" ဟုမိန့်တော်မမူပါ။ ပွင့်တော်မူလာသော ဘုရားအဆူဆူသည် ချမ်းသာကြောင်းနည်းလမ်းကိုသာ ညွှန်ပြတော်မူကြပါသည်။ ထိုညွှန်ပြတော်မူသည့်အတိုင်း၊ အပူဘပြင်း အတင်းအားထုတ်မှု ဝီရိယကို ပြုဖို့ရန် တိုက်တွန်းတော်မူ၍ "ထိုအတိုင်းကျင့်လျှင် ဆင်းရဲဒုက္ခမှ မုချလွတ်မည်သာ" ဟု ဝန်ခံတော်မူကြပါသည်။ ဤမြန်မာနိုင်ငံသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်အတိုင်းသာ ကြိုးစားနိုင်လျှင် ယခုဘဝ၌ပင် ချမ်းသာနိုင်ခွင့် ရှိပါသည်။

ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာများသည် ကျမ်းစာများမှ ကောင်းနိုးရာရာများကို ရွေးချယ်ပြီး ဒါန၊ သီလ၊ ဘာဝနာနှင့် အထွေထွေပိုင်းဟူ၍ လေးပိုင်းခွဲထားပါသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ဤဘဝ၊ နောင်ဘဝတို့၌ ချမ်းသာသုခ ရဖို့အတွက် ရည်ရွယ်ပါသည်။

# ဒါနခန်း

စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ဒါနဟုခေါ်သည်။ ဒါနသည် သံသရာကို မရှည်စေပါ၊ ဒါနရှင်သည် ကျွတ်တမ်းဝင်နောက်မကျချေ။ "ဒါနကြောင့် လူ့ချမ်းသာ နတ်ချမ်းသာ ခံစားရတော့မည်"ဟု ရည်ရွယ်မှု တဏှာဇောကသာ သံသရာရေယဉ်ကြော၌ မျောစေပါသည်။ ဒါနပြုခြင်းသည် ကိလေသာကို မည်သည့်အတိုင်းအတာအထိ ခွင့်လွှတ်နိုင်ပါသည်ဟု ကြေညာဖော်ပြခြင်းပင် ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် လွန်ခဲ့သော ၉၁-ကမ္ဘာအတွင်းက ဖြစ်ရပ်များကို ဆင်ခြင်တော်မူရာ အလှူရဲ၍ မွဲသူတစ်ဦးတလေမျှမတွေ့ရ ချမ်းသာကြွယ်ဝသူမှန်သမျှ ဒါနရှင်တွေသာဖြစ်ကြောင်းအတိအလင်း ဟောတော်မူခဲ့သည်။

ဒါနရှိသူသည် ဖြစ်လေရာဘဝတို့၌ ဥစ္စာပြည့်စုံကြသည်၊ ဥစ္စာပြည့်စုံလျှင် သီလလုံခြုံ၏။ ဥပုသ်ရက်ရှည်စောင့်ခွင့်ရ၏။ ဥစ္စာမရှိလျှင် ဝမ်းရေးပူပန်ရသဖြင့် အူမမတောင့်၍ သီလမစောင့်နိုင်ရုံမျှမက ငါးပါးသီလလုံဖို့ ခဲယဉ်း၏။ ဒါနရှိမှ သီလလွယ်ကူသည်။ ပညာရှာဖွေရာ၌လည်း ဒါနရှင်တို့သာလျှင် လွယ်ကူစွာ ရှာနိုင်၏။

ဒါနရှင်တို့သည် သူတကာက စော်ကားလာလျှင် အဖက်မထင်၍ဖြစ်စေ၊ စိတ်သဘောကြီး၍ဖြစ်စေ၊ သည်းခံလွယ်၏။ ပစ္စည်းဥစ္စာမရှိက "ငါ့ကို ပစ္စည်းမရှိလို့ စော်ကားတာပဲ"ဟု အထင်ရှု၍ သည်းမခံလိုကြ၊ ဒါနရှင်တို့သည် နေရာတိုင်းမှာ သူတစ်ပါးတို့၏လေးစားခြင်းကိုခံရသဖြင့်မိမိအားအရှိအသေ

ပေးသူတို့အပေါ်မှာ မေတ္တာ၊ ကရုဏာဖြစ်လွယ်၏။ "ဥစ္စာဓနရှိကတိမတည်" နိုင်သော လောကကြီး ဝယ် သစ္စာပါရမီဖြစ်ဖို့အရေးမှာလည်း ဒါနသည် အကူအညီပေး၏။ ဒါနမပါလျှင် ပါရမီအားလုံး ဖြည့်ဖို့အရေး၌ အနှောင့်အယှက် တွေ့တတ်ရကား ဘုရားအလောင်းဟူသမျှတို့ ဒါနကိုသာ ပထမဆုံးမြင်တော်မူကြပေသည်။ ဂေါတမဘုရားသည် သုမေဓာဘဝ၌ ဒါနကိုစတည်ခဲ့၍ ဝေဿန္တရာဘဝ၌ ဒါနဖြင့်ကမ္ပည်းတင်ပြီး ပါရမီအားလုံးကိုနိဂုံးချုပ်တော်မူခဲ့ပေသည်။ ဂင်္ဂါဝါလုသဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့သည် ဒါနကိုအစပြု၍ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရယူတော်မူခဲ့ကြသည်။ ထို့ကြောင့် ဒါနကိုပြုလုပ်ရာတွင် လောကီချမ်းသာကို တောင့်တ၍လှူသော ဝဋ္ဋနိဿိတဒါနထက်ဝေဘကုတ္တရာချမ်းသာကို တောင့်တ၍ လှူသောဝိဝဋ္ဋနိဿိတဒါနသာလျှင်ပို၍အကျိုးရှိစေသည်။

### ဒါန၏ မျက်မှောက်ဘဝတွင် အကျိုး ပးခြင်းအကြောင်း တရားငါးပါး

၁။ လူအများချစ်ခင်ခြင်း၊

၂။ ကောင်းသတင်း ကျော်ကြားခြင်း၊

၃။ သူတော်ကောင်းများက ချဉ်းကပ်ခြင်း၊

၄။ ပရိသတ်ထဲသို့ ရဲရဲဝံ့ဝံ့ဝင်နိုင်ခြင်း၊

၅။ နောင်တမလွန်၌ နတ်ပြည်သို့ရောက်ရခြင်း။

## ဆွမ်းလှူဒါန်းရကျိုး (၁၀)မျိုး

၁။ အသက်ရှည်ခြင်း (အာယု)
၂။ အဆင်းလှခြင်း (ဝဏ္ဏ)
၃။ ပစ္စည်းဥစ္စာ ချမ်းသာခြင်း (သုခ)
၄။ ခွန်အားဗလ ကြီးမားခြင်း (ဗလ)
၅။ ဉာဏ်ပညာကြီးမားခြင်း (ပဋိဘာန)
၆။ ဖြူစင်သန့်ရှင်းခြင်း၊
၇။ ထင်းအဖျော်များ ပူဇော်လာချခြင်း၊
၈။ လုံ့လဝီရိယရှိခြင်း၊
၉။ အခြွေအရံပေါများခြင်း၊
၁၀။ ဣန္ဒြေများ ပြည့်စုံတင့်တယ်ခြင်း။

## ရေလှူဒါန်းရကျိုး (၁၀)ပါး

၁။ သန့်ရှင်းစင်ကြယ်ခြင်း၊
၂။ ကျော်စောထင်ရှားခြင်း၊
၃။ အခြွေအရံပေါများခြင်း၊
၄။ လျင်မြန်ဖြတ်လတ်ခြင်း၊
၅။ ရေငတ်ခြင်းမှ ကင်းခြင်း၊
၆။ အသက်ရှည်ခြင်း (အာယု)

၇။ ရှာရည်အားဆင်းလှပခြင်း (ဝဏ္ဏ)
၈။ ဥစ္စာဓနကြွယ်ဝခြင်း (သုခ)
၉။ ခွန်အားဗလကြီးမားခြင်း (ဗလ)
၁၀။ ဉာဏ်ပညာကြီးမားခြင်း (ပဋိဘာန)

## ရေစစ်လှူဒါန်းရကျိုး (၅) မျိုး

၁။ သူများထက် အသက်ရှည်ခြင်း၊
၂။ ရန်သူများ မဖျက်ဆီးနိုင်ခြင်း၊
၃။ လက်နက်များ မထိရှနိုင်ခြင်း၊
၄။ အဆိပ်ဘေးမှ ကင်းလွတ်ရခြင်း၊
၅။ အများလက်နက်ဖြင့် မသေနိုင်ခြင်း။

## ပန်းတစ်ပွင့် လှူဒါန်းရကျိုး

တစ်ပွင့်ပန်းမျှ၊လှူဒါန်းရလျှင်၊ လူတွင်နှတ်ရပ်၊ထပ်ထပ်ဖြစ်လာ၊ ကမ္ဘာကုဋေ၊ တောင်ရှည်နေ၍၊ စံပေပျော်စွာ၊ ဆုံးဘဝါ၌၊ ချမ်းသာမြတ်ထား၊ နိဗ္ဗာန်သွားသည်၊ မှတ်သား ပန်းတစ်ပွင့် လှူကျိုးတည်း။

ပုဂ္ဂလိကအလှူ(၁၄)ပါးတို့တွင် တိရစ္ဆာန် သတ္တဝါတို့အား တစ်နပ်စာဝအောင် ကျွေးမွေးသောအလှူသည် ဘဝတစ်ရာတို့၌ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ ပဋိဘာန ဟူသော ကောင်းကျိုး(၅)ပါးတို့ကို ပေးနိုင်၏။ လူဒုဿီလအား

တစ်နပ်စာဝ အောင်ပေးလှူလျှင် ဘဝတစ်ထောင်၊သရဏဂုံမရှိသော သာသနာပ လူသီလစောင့်တို့အား တစ်နပ်စာ ပေးလှူလျှင် ဘဝတစ်သိန်း၊ ဈာန်ရ ရသေ့တို့အား တစ်နပ်စာပေးလှူလျှင် ဘဝကုဋေတစ်သိန်း၊ သရဏဂုံသီလရှိသောလူ၊ သာမဏေမှစ၍ သောတာပန်တို့ မဂ်ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ဘဝအသင်္ချေ သည်ကအထက် ဘဝအသင်္ချေတည်း။ အသင်္ချေတွေကိုသာ အဆင့်ဆင့်ကြီးလေ။

ဝေလာမသုတ် ပါဠိတော်၌သာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒီပါ တစ်ကျွန်း၊ လုံးကိုဖိတ်၍လှူဒါန်းသော ဝေလာမပုဏ္ဏား၏ အလှူထက် သောတာပန် တစ်ယောက်အား ဆွမ်းတစ်နပ်စာ ကျွေးရသောအလှူသည် အကျိုးကြီး၏။သောတာပန်တစ်ရာ အားဆွမ်းကျွေးရသည်ထက် သကဒါဂါမ်တစ်ယောက်အား ကျွေးမွေးသောအလှူသည် အကျိုးကြီး၏။ သကဒါဂါမ်တစ်ရာအား ကျွေးမွေးရသည်ထက် အနာဂါမ်တစ်ယောက်အား ကျွေးမွေးရသော အလှူသည် အကျိုးကြီး၏။ အနာဂါမ်တစ်ရာအား ကျွေးမွေးရသည်ထက် ရဟန္တာတစ်ပါးအား ကျွေးမွေးရသော အလှူသည် အကျိုးကြီး၏။ ရဟန္တာတစ်ရာအား ဆွမ်းတစ်နပ်စာ ကျွေးမွေးရသည်ထက် ပစ္စေကဗုဒ္ဓါတစ်ပါးအား ကျွေးမွေးရသော အလှူသည် အကျိုးကြီး၏။ ပစ္စေကဗုဒ္ဓါ တစ်ရာအား ကျွေးမွေးရသည်ထက် သဗ္ဗညုတဘုရားတစ်ပါးအား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

သဗ္ဗညုတဘုရားတစ်ပါးအားကျွေးမွေးရသည်ထက်ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျွေးမွေးရသော အလှူသည် အကျိုးကြီး၏။ ဘုရားအမှူးရှိသော သံဃာတော်တို့

အား ကျွေးမွေးရသည်ထက် စတုဒိသာသံဃိကကျောင်းတစ်ခုကို ဆောက်လုပ်သော လှူဒါန်းမှုသည်အကျိုးကြီး၏။ စတုဒိသာ သံဃိကကျောင်းကိုဆောက်လုပ်လှူဒါန်းရသည်ထက် သရဏဂုံ(၃)ပါး ဆောက်တည်ရခြင်းသည် အကျိုးကြီး၏။ သရဏဂုံသုံးပါး ဆောက်တည်ရခြင်းထက် သရဏဂုံနှင့်တကွ ငါးပါးသီလဆောက်တည်ရခြင်းသည် အကျိုးကြီး၏။သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် နွားနို့တစ်ညှစ်ခန့်ကာလမျှပင် မေတ္တာတရားကို ပွားများရခြင်းသည် အကျိုးကြီး၏။မေတ္တာတရားကိုပွားများရသည်ထက်လက်ဖျစ်တစ်တွက်ခန့်မျှအချိန်လောက် အနိစ္စဘာဝနာတရား ပွားများရခြင်းသည် အကျိုးကြီးလှ၏ဟု ဟောတော်မူသည်။ (ဝေလာမသုတ်။ သီဟနာဒဝဂ်။ နဝကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်)

## မွဲလျှင်လှူ လှူစရာတွေကပေါ

အလှူဒါနပြုလုပ်သူများအတွက် လှူစရာတွေကားပေါလှဘိသည်။ ၁၂၆၇-ခုနှစ်၊ပြာသိုလတွင် ရဟန္တာဟုကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလသည် ရွှေကျင်မြို့၌ သိမ်သမုတ်ကြွတော်မူရ၏။ထိုစဉ် တောင်ပေါ်မှ ကရင်ကြီး ငါးယောက် ကန်တော့ပွဲကိုယ်စီနှင့် လာရောက်ဖူးမြော်ကြသည်။

ဘုန်းတော်ကြီး။ ။မင်းတို့ တောင်ပေါ်မှာ ချမ်းသာတဲ့လူ ပေါကြရဲ့လား။

ဒကာများ။ ။မပေါပါ အရှင်ဘုရား၊ ဆင်းရဲတဲ့ လူတွေဘဲများပါတယ်။

ဘုန်းတော်ကြီး။ ။ရေမိုးကော ပြည့်စုံကြရဲ့လားကွဲ့။

ဒကာများ။ ။ပြည့်စုံပါတယ်ဘုရား။ ရေလဲအောင်မတန် ကောင်းပါတယ်။

ဘုန်းတော်ကြီး။ ။အိမ်း ဒါဖြင့် ဖနရာကျသွားပဲ၊ မင်းတို့ ဆင်းရဲတဲ့ ကရင်ဒကာတွေ ပိုက်ဆံမကုန် ပဲနဲ့ ကုသိုလ်ရအောင် ဘုရားကိုနေ့တိုင်း ရေတစ်ခွက်နှစ်ခွက်လှူကြ၊ကြားလား။

ဒကာများ။ ။မှန်လှပါဘုရား။

ဘုန်းတော်ကြီး။ ။ဒါန သာဓကသလဲကွဲ့။ ပန်းပွင့်မရတဲ့ အခါမျိုး သစ်ခက်သစ်ညွန့်ကလေးတွေ ချိုးပြီးလှူ၊ဖယောင်းတိုင် မဝယ်နိုင်တဲ့အခါကောက်ရိုးတွေ စည်းပြီးဘုရားကိုမီးပူဇော်ကြကကါးပါးသီလယူပြီးပြန်ကြ။

မကြားစဖူး တရားထူးကို ကြားနာကြရသဖြင့် ဒကာ များ ဝမ်းသာမဆုံး ရှိကြရလေ၏။ တန်ခိုးအဘိညာဉ်ဖြင့် လက်တွေ့ မြင်သိတော်မူကြသော သူတော်ကောင်းများက လူတိုင်းချမ်းသာစေလိုသော စေတနာဖြင့် မလုပ်တတ်ရော လည်း မရှိအောင် ညွှန်ပြတော်မူခြင်းဖြစ်သည်။ ခြံစည်းရိုး တွင် အလေ့ကျပေါက်နေသော ပန်းတစ်ပွင့်ဖြင့်လည်း နိဗ္ဗာန် ရောက်စေနိုင်၍ နတ်ပြည်လောက်ကိုမူ အသာကလေးပင် တည်း။ (လိပ်ဆူး ရွှေပန်းနတ်သမီး စသည်ကိုထောက်ပါ)။

## အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ=အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည်။ လူ့ဘုံမှဗြဟ္မာ့ဘုံအထိ နေထိုင်ကြသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား သင်္ကန်းတစ်စုံကျစီ၊ ဆွမ်းတစ်သပိတ်ကျစီ၊ သိန်းပေါင်းများစွာ ကုန်ကျသော ကျောင်းများ ဆောက်လုပ်လှူဒါန်း အပ်သော ဒါနများထက် အနက်အဓိပ္ပာယ် ပြည့်ဝသော ဂါထာတစ်ဂါထာမျှ ဟောပြခြင်းက သာလွန်မြင့်မြတ်ပေသည်။ သင်္ကန်းစသော ပစ္စည်းအလှူများသည် တစ်ဂါထာမျှဟောပြအပ်သော တရားဒါန၏ ဆယ့်ခြောက်ပုံတွင် တစ်ပုံတွင် လိုက်မမှီနိုင်ပါ။

## အလှူကောင်းမှု ရရာပြုလော့

အပ္ပဝတ္ထု၊ မရှုတိုရာ၊ နည်းမျှသာလည်း၊ တစ်ယာကွမ်းဆေး၊ ရေအေးတစ်ခွက်၊ ဆီတစ်စက်နှင့်၊ လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူကောင်းမှု၊ ရရာပြုလော့၊ လူလူ ရှင်လန်း၊ ဆွမ်းပန်းဘောဇဉ်၊ ချိုချဉ်ထူးကွဲ၊ ငမဲဟင်းလျာ၊ ယမကာအဖျော်၊ တရော်ဖက်သက်၊ မုဒရက်က၊ သရက်တစ်လုံး၊ ပန်းကုံးတစ်ခွေ၊ မလွတ်စေနှင့်။ (မဃဒေဝ)

# သီလခန်း

သီလဆိုသည်မှာ မကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာ၊ မကောင်းသော ကာယကံ ဝစီကံ တို့ကို မဖြစ်စေရအောင် ကိုယ်နှုတ်ကို ကောင်းစွာထား ခြင်းကိုဆိုလိုသည်။

သီလအလုပ်သည် သူတစ်ပါးကို မဆင်းရဲအောင် စောင့်ရှောက်သော အလုပ်တည်း၊ သီလသည် ကုသိုလ်တရားတို့၏ မိခင်သဖွယ်ဖြစ်သည်။ ခပ်သိမ်းသော ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် သီလ၌ ရှေးဦးစွာဆောက်တည်ရမည်။ ငါးပါးသီလကို လူများဝတ်ထားသော ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ရှောက်ရမည့် နိစ္စသီလမျိုး၊ ရှစ်ပါးသီလကို ဥပုသ်နေ့တို့၌သာ စောင့်သုံးအပ်သောကြောင့် ဥပေါသထသီလမျိုး။ ဆယ်ပါးသီလကို ရှင်အာနန္ဒာအလောင်းသုမနမင်းသားများကဲ့သို့ ပဉ္စလနှစ် စသည်ကိုမှတ်၍ စောင့်သုံးအပ်သောကြောင့် နိယမ သီလမျိုး ဟူ၍ အဋ္ဌကထာတို့၌ ပြဆိုထားပါသည်။

ဥပုသ်သီလသည် အချုပ်အားဖြင့် အရိယ (မြတ်သော) ဥပုသ်၊ ဂေါပါလ (နွားကျောင်းသား စောင့်နည်း)ဥပုသ်ဟု နှစ်မျိုးရှိသည်။

အရိယာဥပုသ်များ

၁။ ဗြဟ္မဥပုသ်။ ။ဘုရားရှင်သည်ဗြဟ္မမည်တော်မူ၏။ ရှစ်ပါးသီလယူပြီးလျှင် ထိုဗြဟ္မမည်သော ဘုရား

ရှင်ကို အာရုံပြုနေခြင်းကို ဗြဟ္မဥပုသ်ဟု ခေါ်၏။ အလွတ်အာရုံမပြုတတ်လျှင် ဘုရားဂုဏ်တော်ဖွင့်ကို ချတ်ဖတ်ကြည့်ရှုနေရာ၏။

၂။ ဓမ္မဥပုသ်။ ။ဥပုသ်သီလကို ခံယူပြီးလျှင် တရားတော်၏ ဂုဏ်တော်ဘစ်ပါးပါးကို အာရုံပြု၍လည်းကောင်း၊ တရားဂုဏ်တော်အဖွင့်ကို ကြည့်ရှုရွတ်ဖတ်၍လည်းကောင်း နေခြင်းကို ဓမ္မဥပုသ်ဟုခေါ်သည်။

၃။ သံဃာ့ဥပုသ်။ ။ဥပုသ်သီလကို ခံယူပြီးလျှင် သံဃာ့ဂုဏ်တော် တစ်ပါးပါးကို အာရုံပြု၍ လည်းကောင်း၊ သံဃာ့ဂုဏ်တော်အဖွင့်ကို ကြည့်ရှုရွတ်ဖတ်၍လည်းကောင်း နေခြင်းကို သံဃာ့ဥပုသ်ဟုခေါ်သည်။

၄။ သီလဥပုသ်။ ။သီလယူပြီးလျှင် မိမိသီလ၏ မကျိုးမပေါက်မပြောက်မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်စွာ နေထိုင်ခြင်းကို သီလဥပုသ်ဟု ခေါ်သည်။

၅။ နတ်ဥပုသ်။ ။သီလယူပြီးလျှင် နတ်တို့ကို ပမာတင်၍ မိမိသန္တာန်၌ရှိသော သဒ္ဓါ သီလ စသော သူတော်ကောင်းတရားများကို အောက်မေ့ ဆင်ခြင်လျှင် ကြည်လင်ဝမ်းမြောက်နေခြင်းကို နတ်ဥပုသ်ဟုခေါ်သည်။

အရိယာဥပုသ်အကျိုး။ ။ဤသို့ ကျနစွာ စောင့်သုံးအပ်သော အရိယာဥပုသ်မျိုး၏ အကျိုးမှာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အုပ်စိုးရသော မင်းမိဖုရားအဖြစ်မျိုးထက် ကြီးကျယ်ခမ်းနားသည်ဟု ဟောတော်မူ၏။ မှန်၏- မင်း မိဖုရား အဖြစ်ဖြင့် ဇမ္ဗူဒိပ်ကျွန်းကို အုပ်စိုးရခြင်းမှာ

လူ့စည်းစိမ်မျှသာ ဖြစ်၍ နတ်စည်းစိမ်ကို ထောက်လျှင် အောက်ကျနောက်ကျ သေးနုပ်လှသေး၏။ ထိုစည်းစိမ်လည်း တဘဝသာ ကျနစွာစောင့်ထိန်းအပ်သော ဥပုသ်၏အကျိုးကား လူ့မင်းနတ်မင်းစည်းစိမ် အကြိမ်အများပင်တည်း။ ထို့ကြောင့် ကောင်းမွန်စွာ စောင့်အပ်သော ဥပုသ်အကျိုးကို "ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အုပ်စိုးရခြင်းထက်ပင်သာ၏" ဟု ဟောတော်မူပေသည်။

နွားကျောင်းသားဥပုသ်။ ။"ယနေ့မည်သည့်နေရာ၌များစွာ ရေသောက်ကြ၏၊ နက်ဖြန် မည်သည့်နေရာ၌ မြက်စား၍ မည်သည့်နေရာ၌ ရေသောက်လိမ့်မည်" ဟု နွားကျောင်းသား၏ကြံစည်ခြင်းကဲ့သို့ "ယနေ့မည်သည့် စားဖွယ်ကိုသာ စား၍ နက်ဖြန် မည်သည့်စားဖွယ်ကို စားသောက်မည်" ဟု အစားအသောက်နှင့် လောကီရေးရာကိုသာ ကြံစည်နေသော ဥပုသ်သည် ဂေါပါလဥပုသ်(နွားကျောင်းသားဥပုသ်)မည်၏။ ဤနွားကျောင်းသားဥပုသ်ကို လုံးလုံးအကျိုးမရှိဟု မဆိုရသော်လည်း အကျိုးမများလှဟု ဟောတော်မူသည်။

သတိပေးချက်။ ။ထို့ကြောင့်နွားကျောင်းသားဥပုသ်မဖြစ်စေပဲ အရိယဥပုသ်မျိုးဖြစ်အောင် ကြိုးစားလျက် စောင့်သုံးမှသာ လောကအကျိုး သံသရာအကျိုး နှစ်ပါးစုံ တိုးဖွယ်ရှိ၏။ ယခုအခါ၌ကား ဥပုသ်စောင့်ယင်း စားကြ သောက်ကြ ပျော်ရွှင်ကြသဖြင့် စဉ်းစားတတ်သူအဖို့မှာ စိတ်ပျက်စရာကောင်းလှသည့်အပြင် ဘာသာခြားတို့ကမူ များစွာသော

မြန်မာတို့ ဥပုသ်စောင့်ကိုကြည့်ကာ "ဆင်ခြင်စဉ်း စားဉာဏ်မရှိသောလူမျိုး" ဟု အထင်သေးကြပေလိမ့် မည်။ ထို့ကြောင့် အမျိုးဘာသာ အဆင့်အတန်း မြင့်ရေးကိုတွေးကာ စည်းကမ်းကျကျ ဥပုသ်စောင့်ဖို့ သတိပေးပါသည်။

## သီလစင်ကြယ်ရကျိုး

၁။ မမေ့မလျော့ မပေါ့မဆနေလေ့ရှိ၍ အသုံးအဖြုန်း မများသောကြောင့် များစွာသော စည်းစိမ်ဥစ္စာကို ရနိုင်၏။

၂။ လူကောင်း သူကောင်း၏နာမည်ကောင်း ပျံ့နှံ့၏။

၃။ မည်သည့်ပရိသတ် အစည်းအဝေးကိုမဆိုမကြောက် မရွံ့ ရဲဝံ့စွာ သွားနိုင်၏။

၄။ သီလစင်ကြယ်သည့်အတွက် သေခါနီး၌ မတွေမဝေ သေရ၏။

၅။ သေပြီးနောက်ကောင်းသောဂတိဘဝသို့ရောက်ရ၏။

## သီလမရှိသည့်အခါ ဘဝ၏ ဆုံးရှုံးချက်များ

၁။ မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်တို့ ဆုံးရှုံး၏၊

၂။ သီလပျက်စီးသော ပုဂ္ဂိုလ်၏ မကောင်းသော ကျော်စောသံသည် ပျံ့နှံ့တက်၏။

၃။ သီလပျက်စီးသောပုဂ္ဂိုလ်သည်မင်းပရိသတ်တို့ဖြစ်စေ မည်သည့် ပရိသတ်တို့မဆို ချဉ်းကပ်ခဲ့သော် ကြောက် ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။

၄။ သီလပျက်စီးသော ပုဂ္ဂိုလ်သည် တွေတွေဝေဝေသေ ရ၏။

၅။ သီလပျက်စီးသောပုဂ္ဂိုလ်သည်မကောင်းသော လား ရာ ပျက်စီးရာသို့ ကျရောက်ရသည်။

## ငါးပါးသီလ

၁။ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သတ္တဝါ၏ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားယူခြင်းမှ ရှောင် ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ၊
ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ် ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ မမှန်သောစကားကို ပြောဆိုခြင်းမှရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
မူးယစ် မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

## သူတစ်ပါး၏အသက်ကိုသတ်ခြင်း၏အပြစ်

၁။ အပါယ်ငရဲကျမည်။

အပါယ်ငရဲမှ လွတ်၍ လူ့ဘဝသို့ရောက်လာပြန်လျှင်လည်း—

၂။ အနာရောဂါများမည်၊

၃။ အကျည်းတန် အရုပ်ဆိုးမည်၊

၄။ သေခြင်းဆိုးနှင့် သေတတ်သည်၊

၅။ အသက်တိုမည်။

၆။ လင်မယား မုန်းတတ် ကွဲတတ်သည်။

၇။ အခြွေအရံ ပျက်တတ်သည်။

၈။ အင်္ဂါကြီးငယ် ချို့တဲ့တတ်သည်။

၉။ လူစဉ်မမှီ လူတန်းမစေ့ ဖြစ်တတ်သည်။

## သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး

၁။ နတ်ရွာသုဂတိရောက်မည်။

၂။ အနာရောဂါ ကင်းရှင်းမည်။

၃။ ရုပ်ရည်ချောမောလှပမည်။

၄။ သေခြင်းဆိုးနှင့် မသေရ။

၅။ အသက်ရှည်မည်။

၆။ လင်နှင့်မယား ချစ်ကြိုင် ခိုင်မြဲမည်၊

၇။ အခြွေအရံများမည်၊

၈။ ခြွေယက်အင်္ဂါ ပြည့်စုံမည်၊

၉။ လူသုံးလူဖန် သန့်ရှင်းထွားကြိုင်းမည်။

ဆောင်ရန်။ ။ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ် အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်း လည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

## ခိုးဆိုးတိုက်ခိုက်ခြင်းအပြစ်

၁။ အပါယ်ရောက်ရခြင်း။

၂။ ပစ္စည်းဥစ္စာ ဆင်းရဲခြင်း။

၃။ ငတ်မွတ်တတ်ခြင်း။

၄။ အလိုရှိသောအရာကို မရနိုင်ခြင်း။

၅။ စည်းစိမ်ဥစ္စာ ပျက်စီးတတ်ခြင်း။

၆။ သူခိုး-ခိုး၊ ဓားပြတိုက်၊ ဓါးပိုက်နှိုက်ခံရခြင်း၊

၇။ မီးလောင်ခံရခြင်း။

၈။ အမွေခံ သားဆိုး၊ သမီးဆိုး နှိပ်စက်တတ်ခြင်း၊

၉။ ရေဘေးသင့်တတ်ခြင်း။

၁၀။ မင်းဘေးသင့်တတ်ခြင်း။

၁၁။ ပေးပါကမ်းပါနှင့် လမ်းတကာလျှောက်တောင်းစား ရခြင်း။

## ခိုးဆိုးတိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး

၁။ နတ်ပြည်နတ်ရွာ ရောက်ခြင်း။

၂။ ပစ္စည်းဥစ္စာ ပေါများခြင်း။

၃။ ချမ်းသာကြွယ်ဝခြင်း။

၄။ လို-တ-ရနိုင်ခြင်း။

၅။ လုပ်ငန်း ကိုင်ငန်း ဇ-ဆင်ပြေ၍ ကြီးပွားခြင်း။

၆။ သူခိုး-ခိုး၊ ဓားပြတိုက်၊ ခါးပိုက်နှိုက် မခံရခြင်း-။

၇။ ရေမျော မီးလောင်မခံရခြင်း။

၈။ အမွေခံသားဆိုး သမီးဆိုးတို့ မဖြုန်းတီးနိုင်ခြင်း။

၉။ မင်းဘေး မင်းဒဏ် မခံရခြင်း။

၁၀။ ရိုးသားခြင်းကြောင့် ဂုဏ်သိက္ခာရှိခြင်း။

၁၁။ အကျင့်သီလ ကောင်းသောကြောင့် ကြည်ညိုလေးစား ခံရခြင်း။

ဆောင်ရန်။ ။အဒိန္နာဒါ၊ ခိုးမှိုပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ-မီး-သူခိုး၊ မွေ့ခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ဖြစ်များစွာသည်။ ရှောင်ခါ အပြန်အကျိုးတည်း။

## သူတစ်ပါးသားမယားကို လွန်ကျူးခြင်း အပြစ်

၁။ အပါယ်ကျမည်၊

၂။ အပါယ်မှ လွတ်လျှင် နပုံးပဏ္ဍုက် ဖြစ်တတ်သည်။ မိန်းမဖြစ်တတ်သည်။

၃။ ရန်သူဇပါ၍ လူမုန်းများမည်။

၄။ လာဘ်လာဘရှား၍ ဆင်းရဲမည်။

၅။ ယုတ်ညံ့သောအမျိုး၌ ဖြစ်တတ်သည်။

၆။ မျက်နှာပျက်၍ အရှက်ကွဲတတ်သည်။

၇။ စိုးရိမ်ကြောင့်ကြ သောကများတတ်သည်။

၈။ ဘဝများစွာ ကြင်ယာကင်းတတ်သည်။ ချစ်သူနှင့် ကွဲတတ်သည်။

## သူတစ်ပါးသားမယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း

၁။ နတ်ရွာသုဂတိရောက်မည်။

၂။ ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်နိုင်သည်။

၃။ ချစ်သူ ခင်သူ လူအကြည်ညို ပေါမည်။

၄။ ချမ်းချမ်းသာသာ နေထိုင်ရမည်။
၅။ မြတ်သောအမျိုး၌ ဖြစ်တတ်သည်။
၆။ ဂုဏ်သတင်း ပျံ့သင်းမွှေးကြိုင်မည်။
၇။ စိုးရိမ်ကြောင့်ကြ ကင်းမည်။
၈။ ချစ်သူကြင်ယာနှင့် ခိုင်မြဲမည်။

ဆောင်ရန်။ ။မိတ္တာစာရ၊ လွန်ကျူးကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါး ဘဝတိတ်၊ ချမ်းသာ ဆိတ်၍၊ ဣဋ္ဌိပဏ္ဏုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာ မလှ၊ အရှက်ရလျက်၊ လက္ခဏာ ဂုဏ်ပြေ၊ ယွင်းသွေ ချိုသိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါ အပြန်အဘျိုးတည်း။

မဟုတ်မမှန်ပြောဆိုခြင်း အပြစ်

၁။ အပါယ်ကျမည်။
၂။ စကား မပြီခြင်း၊ သွားမညီခြင်း။
၃။ ပါးစပ်ပုပ်ခြင်း။
၄။ အသားအရည် မွဲခြောက်ခြင်း။
၅။ ဂုဏ်ပြေမရဖြစ်သည်။
၆။ သြဇာမရှိခြင်း။
၇။ နှုတ်ကြမ်းလျှာကြမ်းခြင်း။
၈။ စိတ်မတည်ခြင်း။

## မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး

၁။ နှုတ်ပြည့်ရောက်မည်။
၂။ စကားပြေသမည်။ သွားကလေးများလှပမည်။
၃။ အာနံ့မွှေးမည်။
၄။ အသား အရေ စိုပြည်မည်။
၅။ တည်ငြိမ်မှုရှိမည်။
၆။ သြဇာရှိခြင်း။
၇။ နှုတ်ချိုခြင်း။
၈။ စိတ်တည်ကြည်ခြင်း။

ဆောင်ရန်။ ။မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပြေ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၍၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်အကျိုးတည်း။

## အရက်သေစာသောက်စားခြင်း အပြစ်

၁။ သတိကင်းလွတ်ခြင်း။
၂။ အရှက်မရှိခြင်း။
၃။ အကောင်းအဆိုး အမှားအမှန် ခွဲခြားတတ်ခြင်း။
၄။ အပျင်းထူခြင်း၊ အရူးအနှမ်း ဖြစ်တတ်ခြင်း။

၂၁၀၁၄

၅။ ကျေးဇူးကန်းတတ်ခြင်း။
၆။ စီးပွားပျက်ခြင်း၊
၇။ ဒုစရိုက်အားလုံးကို ကျူးလွန်နိုင်ခြင်း။
၈။ အပါယ်ငရဲကျခြင်း။

## အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး

၁။ သတိရှိခြင်း။
၂။ အရှက်အကြောက်ရှိခြင်း။
၃။ အကောင်းအဆိုး အမှားအမှန် ခွဲခြားတတ်ခြင်း။
၄။ လုံ့လရှိခြင်း၊ မရူးသွပ်ခြင်း။
၅။ ကျေးဇူးသိတတ်ခြင်း။
၆။ စီးပွားဥစ္စာ ပြည့်စုံခြင်း။
၇။ သုစရိုက်များ တိုးပွားစေခြင်း။
၈။ နတ်ပြည်သို့ ရောက်ရခြင်း။

**ဆောင်ရန်။** ။သေရည်သောက်လင့်၊ သင့် မသင့်ဘဲ၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူး မဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာ သည့်၊ ရှောင်ခါအပြန်အကျိုးတည်း။

## ရှစ်ပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

၃။ အပြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

## အာဇီဝဋ္ဌမကသီလ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၅။ ပိသုဏာဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၆။ ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၇။ သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာ ရှာဖွေရသော အလုပ်အကိုင်အရောင်းအဝယ်ဟူသမျှကိုပါဠိလို "အာဇီဝ" ဟုခေါ်၏။ မတရားသော ပစ္စည်းရှာဖွေမှုကို မိစ္ဆာဇီဝ ဟုခေါ်၏၊ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသဖြင့် ပစ္စည်းရအောင် ရှာဖွေမှုကို "သမ္မာအာဇီဝ" ဟုခေါ်၏။ ရှစ်ပါးမြောက် သိက္ခာပုဒ်တော်ကို ပါဠိလို "အဋ္ဌမ" ဟုခေါ်၏။ ပါဏာတိပါတာ ဝေရမဏီမှစ၍ ရေတွက်လျှင် မိစ္ဆာဇီဝါ ဝေရမဏီသည် ရှစ်ပါးမြောက် သိက္ခာပုဒ်တည်း။ ထို့ကြောင့် မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှုလျှင် ရှစ်ပါးမြောက်ရှိသော သီလကို "အာဇီဝဋ္ဌမကသီလ" ဟုခေါ်သည်။ ဤအာဇီဝဋ္ဌမကသီလသည် အထက်တန်းသူတော်စင်တို့ အမြဲထိန်းရမည့် ကိုယ်ကျင့်သီလဖြစ်သည်။ ဤအာဇီဝဋ္ဌမကသီလကို ကျမ်းဂန်၌ အာဒိဗြဟ္မစရိယကသီလ ဟုလည်း ခေါ်သေး၏။ ဤအာဇီဝဋ္ဌမကသီလလုံခြုံမှ မဂ်ဖိုလ်ရနိုင်၏။ အာဇီဝဋ္ဌမကသီလ မလုံခြုံလျှင် မဂ်ဖိုလ်မရနိုင်၊ ထို့ကြောင့် "ဤအာဇီဝဋ္ဌမကသီလသည် မဂ်ဟူသော မြတ်သောအကျင့်၏အစ အခြေခံ သီလဖြစ်သည်"။

## မိစ္ဆာဇီဝများ

၁။ ဓားလှံ သေနတ်များ ပိုက်ကွန်စသော လက်နက်ရောင်းမှု။

၂။ လူသတ္တဝါကိုသွေးဆောင်ခေါ်ယူလျက်သူတစ်ပါးထံ ကျွန်အဖြစ်ဖြင့် ရောင်းမှု (ပြည့်တန်ဆာများကို မွေး၍ ခေါင်းလုပ်မှုများလည်း ပါဝင်၏။)

၃။ နွား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ငှက်စသည်တို့ကို မွေး၍ အသားစားဖို့ရာ သတ်ဖြတ်သူအား ရောင်းမှု။
၄။ ထန်းရည်၊ အရက်၊ ဘိန်းစသည်ကို ရောင်းမှု။
၅။ အဆိပ်ရောင်းမှု။
ထို့အပြင် မြင်းလောင်း၊ နွားလောင်း၊ ကျွဲတိုက် ဖဲရိုက်၍ပစ္စည်းရှာမှု များသည်းမိစ္ဆာဇီဝပင်တည်း။ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုဖြင့် ပစ္စည်းမရှာပါသော်လည်း စီးပွားဟူဖြစ်သော ညီအစ်ကိုမောင်နှမတို့၏ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင် မိစ္ဆာဇီဝ ပင်ဖြစ်၏။ သဘောမတူလျှင် မိမိမှာ မိစ္ဆာဇီဝမဖြစ်။

## နဝင်္ဂ ဥပုသ်သီလ

၁-မှ ၈-ထိ ရှစ်ပါးသီလ

၉။ ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ။
စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ်၌ ဖြန့်၍နေပါမည်။

## ဆယ်ပါးသီလ

၁-မှ ၆-ထိ ရှစ်ပါးသီလတွင် ပါဝင်သော ရှေ့သိက္ခာပုဒ် ၆-ပါး။
၇။ နစ္စဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယာန မဟာ ၁ယာနာ ဝေရမဏိသိက္ခာပဒံ သာမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သာမာဒိယာမိ။

## ချမ်းသာချင်လျှင်သီလဆင်

တဖြည်းဖြည်းနဲ့ နောက်ဘဝ ရွှေ့ကြဖို့ နီးနီးလာပြီ၊ နောက်ဘဝအတွက် ဒါနယက် သီလက ဘဝကောင်း ပို့နိုင်တယ်။ ဒါနမများသော်လည်း သီလကများနေရင် နောက်ဘဝ၌မဆင်းရဲနိုင်ပါ။ သီလကိုအထူးဂရုစိုက်ပါ။ ငါးပါးသီလထက် အာဇီဝဋ္ဌမက သီလကသာတယ်။ ထိုသီလကို သူတော်ကောင်းတိုင်း နေ့စဉ်ထိန်းရတယ်။

## အကောင်းဆုံးစီးပွားရှာနည်း

"စီးပွားဥစ္စာ ရှာတယ်ဆိုတာ" လူချမ်းသာအောင် ရှာတာဖြစ်တယ်၊ စီးပွားရှာမှုကြောင့် ကိုယ်ဆင်းရဲလွန်းလျှင်လည်း ကောင်း၊ စိတ်ဆင်းရဲနေလျှင် လည်းကောင်း စီးပွားရှာကျိုး မနပ်ပါ။ ဒါကြောင့် ကိုယ်လဲသိပ်မဆင်းရဲ စိတ်လဲချမ်းသာနိုင်တဲ့ စီးပွားရှာနည်းကို စဉ်းစားကြပါ။ ဒီဘဝစီးပွားရှာမှုကြောင့် နောက်ဘဝသံသရာမှာ(သီလပျက်၍)အပါယ် ၄-ပါးကို သွားရမည်ဆိုလျှင်ကား သာ၍ဝမ်းနည်းစရာကောင်းပါသည်။

# ဘာဝနာခန်း

ကမ္မဋ္ဌာန်းအားထုတ်မှုကို ''ဘာဝနာအလုပ်'' ဟု ခေါ်၏။

ဘာဝနာ=မိမိစိတ်ကို သာမာန်လူများကဲ့သို့ သေးသေးသိမ်သိမ်မဖြစ်စေပဲ ကြီးမားစေခြင်း၊တိုးပွားစေခြင်းအလုပ်။

ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိသည်။ စိတ် တည်ကြည်၍ ကိလေသာအပူတွေကို ငြိမ်းစေနိုင်သော သမာဓိကို ''သမထ'' ဟု ခေါ်၏။ သမထဘာဝနာသည် ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘ မရဏာနုဿတိ အာနာပါန စသောအားဖြင့် အကျယ် ၄၀-ရှိ၏။ ၎င်းတို့မှာ-

| | | |
|---|---|---|
| ၁။ | ကသိုဏ်း | ၁၀ ပါး |
| ၂။ | အသုဘ | ၁၀ ပါး |
| ၃။ | အနုဿတိ | ၁၀ ပါး |
| ၄။ | ဗြဟ္မဝိဟာရ | ၄ ပါး |
| ၅။ | အာဟာရေ ပဋိကူလသညာ | ၁ ပါး |
| ၆။ | စတုဓာတုဝဝတ္ထာန် | ၁ ပါး |
| ၇။ | အာရုပ္ပ | ၄ ပါး |

ဝိပဿနာဆိုသည်မှာ ရုပ်နှင့်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသုံးမျိုးကို ရှုသိသော ဉာဏ်ကိုခေါ်သည်။ ရုပ်တိုင်း နာမ်တိုင်းသည် ဖြစ်ပြီးပျက်ဘတ်၊ ပေါ်လာပြီးပျောက်သွား တတ်သောကြောင့် မတည်မြဲအနိစ္စ၊ ဖြစ်မှုပျက်မှုတို့က မပြတ် နှိပ်စက်သောကြောင့် ဆင်းရဲခြင်းဒုက္ခ၊ အားကိုးစရာ အခိုင် အမာ အနှစ်အသား မရှိသောကြောင့် အချည်းနှီး အသုံး

မကျ အနတ္တဟု အမှန်အတိုင်း သိအောင် ရုပ်နှင့်နာမ်တို့ကို သဘောဦးစီးသောစိတ်ဖြင့်အရှိကိုအရှိအတိုင်းစောင့်ကြည့်ရ၏။ ရှုရ၏။ ဤသို့ရှုခြင်းကို ဝိပဿနာကမ္မဋ္ဌာန်း ပွားများ အားထုတ်သည်ဟု ခေါ်၏။

ရုပ်နှင့်နာမ်ကို ခန္ဓာခေါ်သည့် အစုအားဖြင့် ခွဲခြားလျှင်-

(၁) ရုပ်အစု = ရူပက္ခန္ဓာ၊

(၂) ခံစားမှုအစု = ဝေဒနာက္ခန္ဓာ၊

(၃) မှတ်သားမှုအစု = သညာက္ခန္ဓာ၊

(၄) စေ့ဆော်ပြုလုပ် အားထုတ်မှုအစု=သင်္ခါရက္ခန္ဓာ၊

(၅) သိမှုအစု = ဝိညာဏက္ခန္ဓာဟု ငါးစုခွဲရ၏။

ထို့ကြောင့် ရုပ်နှင့်နာမ်ကို ရှုခြင်းကိုပင် ခန္ဓာငါးစုကို ရှုသည်ဟုလည်း ခေါ်ကြ၏။

ထိုသို့ရှုရာတွင် ရှုပုံကို မဟာသတိပဋ္ဌာနသုတ်၌ (၄)မျိုး ခွဲခြား၍ မြတ်စွာဘုရား ဟောဟော်မူထား၏။ ဟောတော်မူပုံမှာ-

(၁) ရုပ်ကိုရှုသိခြင်း=ကာယာနုပဿနာ သတိပဋ္ဌာန်။

(၂) ခံစားမှုကို ရှုသိခြင်း = ဝေဒနာနုပဿနာသတိပဋ္ဌာန်၊

(၃) စိတ်ကိုရှုသိခြင်း=စိတ္တာနုပဿနာသတိပဋ္ဌာန်။

(၄) သဘောကိုရှုသိခြင်း=ဓမ္မာနုပဿနာသတိပဋ္ဌာန်။

ဤ ရုပ် (၄)မျိုးလုံး စုံအောင် ရှုရမည်ဟု မဆိုလို၊ ထင်ရှားရာကိုသာ ရှုရမည်။ ဤသို့ အကြိမ်ကြိမ် အဖန်ဖန် ရှုဖန်များလာသောအခါ စိတ်တည်ငြိမ်မှု သမာဓိ ရလာပြီးလျှင် အရှုခံ ရုပ်နာမ်တို့၏ မမြဲ၊ ဆင်းရဲ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ မဟုတ်သော သဘောများကို သိမြင်လာသော ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာ၏။ ယင်းဝိပဿနာဉာဏ်တစ်ဆင့်ထက်တစ်ဆင့် ရင့်လာသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ အမှန်တရား(၄)ပါး သစ္စာ (၄) ပါးကို ထိုးထွင်းသိပြီးလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

## သတိပဋ္ဌာန်အကျိုး (၇) ပါး

ဤသတိပဋ္ဌာန်ဝိပဿနာကိုရှုမှတ်ပွားများခြင်းဖြင့်အကျိုး (၇)ပါးကို ရနိုင်၏။ ထိုအကျိုးများမှာ–

(၁) ကိလေသာ စင်ကြယ်ခြင်း၊

(၂) စိုးရိမ်ပူဆွေးမှုမရှိခြင်း၊

(၃) ငိုကြွေးမှုမရှိခြင်း၊

(၄) ကိုယ်ဆင်းရဲငြိမ်းခြင်း၊

(၅) စိတ်ဆင်းရဲငြိမ်းခြင်း၊

(၆) မဂ်ဉာဏ်ကို ရခြင်း၊

(၇) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတို့ဖြစ်သည်။

ကောင်းကျိုးစုံပုံ ဘေးရန်လုံ စွယ်စုံကမ္မဋ္ဌာန်း။

## အစောင့်အရှောက်တရား (၄) ပါး

၁။ ဗုဒ္ဓါနုဿတိ။ ။ဘုရားဂုဏ်တော်ပွားခြင်း၊သဒ္ဓါပညာ စသည် တိုးပွား၍ ရတနာသုံးပါး၊ ကံ ကံ၏အကျိုးများကိုသက်ဝင်ယုံကြည်ရာ၌ တစ်နေ့ထက် တစ်နေ့ပိုမိုခိုင်မာလာမည်။ ဘုရားရှင်၏ဂုဏ်တော်၏ စွမ်း အင်၊ဉာဏ်တော်၏ စွမ်းအင်သတ္တိထူးများ မိမိသန္တာန်၌ ကူးစက်ကိန်းအောင်းလာမည်။

၂။ မေတ္တာ။ ။အသက်ထင်ရှားရှိသော ဆရာသမားမိဘ များ၊ နီးစပ်သူ တိုင်းပြည် မြို့ရွာ အကြီး အကဲများမှအစ နတ်ဗြဟ္မာ သတ္တဝါအားလုံးအားကိုယ် နှင့်ထပ်တူ ချမ်းသာလိုစိတ်မွေးရခြင်း၊ ကျန်းမာချမ်းသာ ပါစေဟု မေတ္တာပွားခြင်း၊ ဒေါသမာန်မာနများ ပါး လျား၍ ကိုယ်ချင်းစာစိတ်၊စိတ်အေးများ တိုးပွားမည်။ လူ နတ် တိရစ္ဆာန်များချစ်ခင်လာမည်။ ရန်မမူကြတော့။

၃။ အသုဘ။ ။မိမိသူတစ်ပါးတို့၏ ခန္ဓာကိုယ်၌ စက်ဆုပ် ရွံရှာဖွယ်ရှိပုံကို ဆင်ခြင်ခြင်း၊ အနည်းဆုံး မျက်နှာသစ်ချိန်၊ ကျင်ကြီးကျင်ငယ်စွန့်ချိန်မျိုး၌ ပွား ဖြစ်အောင် ပွားသင့်၏။ဒွါရကိုးပေါက်မှ အပုပ်ရည်များ ဆင်းပုံမှအစ နှလုံးသွင်းရမည်။ မိမိချစ်သူ၏ ဆံပင်ကို နှစ်သက်သော်လည်း ထမင်းပန်းကန်၌ ဆံပင်တစ်ပင် တွေ့လျှင် ရွံရှာနေတတ်၏။ မှားယွင်းသော ထိုခံယူချက် များ ပျက်ပြယ်၍ ရာဂစိတ် တပ်မက် တွယ်တာစိတ် စသည် ကင်းလာမည်။

၄။ မရဏာနုဿတိ။ ။အချိန်မရွေး သေသွားနိုင်သည်ကို ဆင်ခြင်ခြင်း၊ ယခုပင်လျှင် မျက်စိမှုန် သွားကျိုး ဆံဖြူ ခန္ဓာကိုယ် အအေးအပူမမျှ၊ ထုံကျင်ကိုက်ခဲခြင်းစသည်ဖြင့် တစ်ခုစီတစ်ခုစီ၏ အားနည်း သေကျေလာသည်ကို ဆင်ခြင်ပါ။ လောဘ၊ ဒေါသ၊ မာန်မာန စသော အပူခေတ်များကြောင့် အရာရာ၌ မမှန်မကန်ဖြစ်ရပုံများ လျော့ပါး၍ သူတော်ကောင်းတရား၌ သဒ္ဓါ၊ ဝီရိယ၊ ခန္တိစသော အင်အားကောင်းများ ထက်သန် တိုးပွားလာမည်။

## မေတ္တာအကျိုး (၁၁) ပါး

၁။ ချမ်းသာစွာ အိပ်ရသည်။

၂။ ချမ်းသာစွာ နိုးရသည်။

၃။ မကောင်းသော အိပ်မက်မမြင်သည်။

၄။ လူချစ်သနားသည်။

၅။ နတ်, ဘီလူးများ ချစ်သည်။

၆။ ဘေးလွတ်အောင် နတ်တို့စောင့်မသည်။

၇။ မီးမလောင်နိုင်၊ ဓားလက်နက် မထိနိုင်။ အဆိပ်နှင့် မသေနိုင်။

၈။ ပျံ့လွင့်သောစိတ် တည်တံ့သည်။

၉။ မျက်နှာအဆင်းလှသည်။

၁၀။ မတွေဝေပဲ သေရသည်။

၁၁။ သေပြီး ဗြဟ္မာပြည်သို့ ရောက်ရသည်။

ဆောင်ရန်။ ။ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်း လူနတ်၊နတ်စောင့်တတ်လျက်၊လက်နက်ဆင်မီး မရောက်ပြီ ခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာ ကြည်လင်၊ သေလျှင်မတွေ၊ သေသော်ခါ လားရာဗြဟ္မာ့ကျွဲ၊။

# အခယွေတွေခန်း

ဗုဒ္ဓမြတ်စွာသည် ယခုဘဝတွင် လက်တလော ကျတ်မည့် သတ္တဝါ၊ တဖြည်းဖြည်းမှကျတ်မည့်သတ္တဝါ၊ ယခုဘဝမကျွတ် ထိုဝသီ ပါရမီမျိုးမျှကျွတ်မည့်သတ္တဝါ၊ ဤသို့စသည် လောကီသမား လောကုတ္တရာသမား များပြားလှစွာ သတ္တဝါအမျိုးမျိုး၊ ယင်းအမျိုးမျိုးသော သတ္တဝါတို့၏အလိုဆန္ဒတွေလည်း အမျိုးမျိုးရှိသည့် အတွက်ကြောင့် လည်းကောင်း၊ သတ္တဝါတို့ကိုဆုံးမသော အရာ၌ အတုမရှိ လိမ္မာဘော်မူလှသော ကြောင့်လည်းကောင်း၊ သတ္တဝါနှင့် တန်ရုံတန်ရုံ လောကီသမားကို လောကီသမားအလိုက် လောကုတ္တရာသမားကို လောကုတ္တရာသမားအလိုက် အရာရာသို့လိုက်၍ ဟောတော်မူရသဖြင့် ဒေသနာတော်အမျိုးမျိုး ရှိခဲ့လေသည်။ ယင်းဒေသနာများထဲမှ ကောင်းနိုးရာရာများကို ထုတ်နှုတ်ဖော်ပြထားပါသည်။

## ဤဘဝချမ်းသာကြောင်းတရား (၄) ပါး

၁။ ဥဋ္ဌာနသမ္ပဒါ။ မိမိလုပ်သည့် အလုပ်ကိစ္စ၌ ကျွမ်းကျင်၍ မပျင်းမရိလုံ့လရှိခြင်း။

၂။ အာရက္ခသမ္ပဒါ။ လုပ်ကိုင်၍ ရသော စီးပွားဥစ္စာကို ဘေးရန် မရှိအောင် စောင့်ရှောက်ခြင်း။

၃။ ကလျာဏမိတ္တတာ။ မိတ်ကောင်းရှိခြင်း။

၄။ သမဇီဝိတာ။ အရနှင့်အကုန်တွင် အရဘက်ကအမြဲသာ လျက်ရှိစေခြင်း။

"သမ္ပဒါ"ဟူသောစကားမှာ လောကီစီးပွားဥစ္စာ ရွှေငွေ ရတနာများနှင့်တကွ အောင်မြင်မှုအဝဝနှင့် ပြည့်စုံခြင်းကို ဆိုလိုပါသည်။ ထိုသမ္ပဒါနှင့် ပြည့်စုံခြင်းကြောင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

၁။ စားဝတ်နေရေး ကိစ္စများအတွက် ပူပင်ကြောင့်ကြ ကင်းသဖြင့် ချမ်းသာရခြင်း။

၂။ အလိုရှိသည့်အတိုင်း သုံးဆောင် ခံစားနိုင်သည့် အပြင် အလိုရှိသည့်အတိုင်း ပေးကမ်းလှူဒါန်း နိုင်ခြင်း။

၃။ မိမိတွင် ပြီးပြည့်စုံခြင်းဖြစ်သဖြင့်ကြွေးမြီလွတ်ကင်း မှုကြောင့် အေးချမ်းသာယာခြင်း။

၄။ သမ္မာအာဇီဝဖြင့် မျှတညီညွတ်စွာ ရှာဖွေဆည်းပူး နိုင်သဖြင့် အကုသိုလ်ဒုစရိုက်များမှ ကင်းလွတ် ခြင်း။

၅။ မိမိ၏ လုံ့လဝီရိယဖြင့် ပင်ပန်းတကြီး သိမ်းသိမ်း ဆည်းထားသော ပစ္စည်း ဥစ္စာတို့ဖြင့် မိမိကိုယ်တိုင် ချမ်းသာခံစားရသည်သာမက မိဘ ဖခင်ကျေးဇူး ရှင်များအပြင် ဇနီး သားသမီး လက်အောက်ငယ် သားတို့ကိုပါ ကြည်နူးချမ်းမြေ့စေနိုင်ခြင်း။

၆။ မိမိ၏ လုံ့လဝီရိယဖြင့် ပင်ပန်းတကြီး သိုမှီးသိမ်းဆည်းထားသော ပစ္စည်းဥစ္စာတို့နှင့် မိမိ၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကို ကြည်ရွှင်ချမ်းမြေ့စေနိုင်ခြင်း။

၇။ ရေ မီး မင်း ခိုးသူမချစ်မနှစ် သက်အပ်သောအမွေခံသားဆိုး သမီးဆိုးဟူသော ဘေးရန် ၅-မျိုးတို့တွင် တစ်မျိုးမျိုးပေါ်ပေါက်လာသည့်အခါ မိမိကိုယ်တိုင်ပင်ပန်းကြီးစွာ ရှာမှီးသိမ်းဆည်းထားသည့် ပစ္စည်းဥစ္စာရတနာတို့ဖြင့် ကာကွယ် ပယ်ဖျောက်နိုင်ခြင်း။

၈။ မိမိ၏လုံ့လဝီရိယဖြင့်ပင်ပန်းတကြီးသိုမှီးသိမ်းဆည်းထားသော ပစ္စည်း ဥစ္စာတို့ဖြင့် ဆွေမျိုးတို့အား အထိုက်အလျောက် ထောက်ပံ့ ကူညီနိုင်ခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ်ကျေပွန်စွာ ပြုစုနိုင်ခြင်း၊ ကွယ်လွန်ပြီးသည့် မိဘ ဘိုးဘွားတို့အား ရည်စူး၍ အလှူဒါနပြုနိုင်ခြင်း၊ အခွန်ဘဏ္ဍာကျေပွန်စွာပေးဆပ်နိုင်ခြင်း။

၉။ မိမိ၏လုံ့လဝီရိယဖြင့်ပင်ပန်းတကြီးသိုမှီးသိမ်းဆည်းထားသောပစ္စည်းဥစ္စာတို့ဖြင့်သဒ္ဓါခြင်းတရားနှင့်ဗမ္မလျော်လျက် သံဃာတော်အရှင်သူမြတ်တို့အား နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်သည့် အလှူဒါနပြုနိုင်ခြင်း။

အကယ်၍ သမ္မာဒါနနှင့် မပြည့်စုံပါမူကား အထက်ပါ အကျိုးကျေးဇူး (၉) မျိုးကို လက်လွတ် ဆုံးရှုံးရသည့် အပြင်

၁။ အများနည်းတူ စားဝတ်နေမှုမပြည့်စုံသဖြင့် အလှူဒါနသီလသီဘင်းမစောင့်သုံးနိုင်သောကြောင့်အရာရာတွင် ပူပန်ဆင်းရဲညှိုးငယ်ရခြင်း၊

၂။ ပြုဖွယ်ကိစ္စဟူသမျှကို စိတ်လိုရာအတိုင်း မဆောင်ရွက်နိုင်သဖြင့် ငွေရှင်ကြေးရှင်တို့ထံမျက်နှာအောက်ချလျက် ခခ ယယ ချေးငှားရခြင်း၊

၃။ နေ့ရက်ကြာသည်နှင့်အမျှ အတိုးကြီးစွာ တက်သောသဖြင့် နေ့စဉ်နှင့်အမျှ ပူပန်သောက ဖြစ်ရခြင်း။

၄။ အကြွေး မဆပ်နိုင်သဖြင့် ကြွေးရှင်တို့၏ နားပူနားဆာ မကြာခဏ အပြုခံရသောကြောင့် နှလုံးစိတ်ဝမ်း ညှိုးနွမ်းခြောက်သွေ့ရခြင်း၊

၅။ အကြိမ်ကြိမ်အဖန်ဖန်တောင်းခံရသည့်အခါမိမိတွင်ပေးဆပ်ရန် မရှိသောကြောင့်ကြွေးရှင်တို့လွှတ်ကင်းရာသို့ရှောင်ရှား ပြေးလွှားနေရသော်လည်းမိမိရှိရာအရပ်သို့ လိုက်လံဖမ်းဆီးမှုကိုခံရခြင်းကြောင့် ပူပန်ဆင်းရဲရခြင်း၊

၆။ လိုက်လံဖမ်းဆီးပြီးနောက် အမှုအခင်း ဖြစ်ပွားကာ အချုပ်အနှောင်ခံရခြင်း၊

### စီးပွားဥစ္စာပျက်စီးကြောင်းတရား(၄)ပါး

၁။ မိန်းမလိုက်စားခြင်း၊

၂။ သေရည်အရက် ဘိန်းကဇော် သောက်စားခြင်း၊

၃။ အလောင်းအစား ကစားခြင်း၊

၄။ အပေါင်းအသင်း မိတ်ဆွေမကောင်းခြင်း၊

### စီးပွားဥစ္စာဝင်လာဖို့အကြောင်း(၄)ပါး

၁။ မိန်းမ မလိုက်စားခြင်း၊

၂။ သေရည် အရက် ဘိန်းကဇော်မသောက်စားခြင်း၊

၃။ အလောင်းအစား ကစားမှုမရှိခြင်း၊

၄။ မကောင်းသော အပေါင်းအသင်းမိတ်ဆွေမရှိခြင်း၊

### လောကကြီးပွားကြောင်းတရား (၁၀ပါး)

### ကာယသုစရိုက် (၃)ပါး

၁။ သူ့အသက်သတ်ခြင်းမှရှောင်မှု (ပါဏာတိပါတာ ဝေရမဏီ)

၂။ သူ့ဥစ္စာကိုခိုးယူခြင်းမှရှောင်မှု(အဒိန္နာဒါနာဝေရမဏီ)

၃။ သူ့သားမယားကို ကျူးလွန် ပြစ်မှားခြင်းမှ ရှောင်မှု (ကာမေသုမိစ္ဆာစာရာဝေရမဏီ)

ဝစီသုစရိုက် (၄)ပါး

၄။ လိမ်လည် လှည့်စားခြင်းမှ ရှောင်မှု (မုသာဝါဒါ ဝေရမဏီ)

၅။ ကုန်းတိုက်ခြင်းမှရှောင်မှု (ပိသုဏာဝါစာဝေရမဏီ)

၆။ ဆဲရေးခြင်းမှရှောင်မှု (ဖရုသဝါစာဝေရမဏီ)

၇။ အဖျင်းပြောဆိုခြင်းမှရှောင်မှု (သမ္ဖပ္ပလာပဝါစာ ဝေရမဏီ)

မနောသုစရိုက်၃ပါး

၈။ သူ့ဥစ္စာကိုကိုယ့်ဥစ္စာပြုလိုမှုရှေးရှုကြံခြင်းမှရှောင်မှု (အဘိဇ္ဈာဝိရတိ)

၉။ သူတစ်ပါးကို ပျက်စီးစေလိုခြင်းမှ ရှောင်မှု(ဗျာပါဒ ဝိရတိ)

၁၀။ ကောင်းသောအယူကိုယူခြင်း (မိစ္ဆာဒိဋ္ဌိဝိရတိ)

၁၁။ အမိကို ရိုသေလုပ်ကျွေးခြင်း၊

၁၂။ အဖကို လုပ်ကျွေးခြင်း၊

၁၃။ ရဟန်းကို လုပ်ကျွေးခြင်း၊

၁၄။ ရဟန္တာကို လုပ်ကျွေးခြင်း၊

၁၅။ မိမိထက် အသက်အရွယ်ကြီးသူတို့ကို ရိုသေလုပ်ကျွေးခြင်း၊

၁၆။ ဓမ္မရာဂ။

၁၇။ သမလောဘ၊

၁၈။ သမာဓမ္မ၊

ဤတရား တစ်ဆယ့်ရှစ်ပါးတို့ ကြီးပွားတိုးတက်ခဲ့သော် လောကကြီးလည်း တိုးတက်စည်ကားကြီးပွားမည်သာဖြစ်၏ ဟု ဟောတော်မူ၏။ ဤတရားတို့ ဆုတ်ယုတ်ခဲ့သော် လောက ကြီးလည်း ဆုတ်ယုတ်မည်သာဖြစ်၏။

## နောက်တစ ချမ်းသာကြောင်း (၄) ပါး

၁။ သဒ္ဓါသမ္ပဒါ= သဒ္ဓါပြည့်စုံခြင်း၊
၂။ သီလသမ္ပဒါ= သီလ၏ပြည့်စုံခြင်း၊
၃။ စာဂသမ္ပဒါ= စွန့်ကြဲပေးကမ်းခြင်း၏ ပြည့်စုံခြင်း၊
၄။ ပညာသမ္ပဒါ= ပညာ၏ပြည့်စုံခြင်း၊

## ယခုဘဝ နောက်ဘဝ အတွက် ကြီးပွားချမ်းသာကို ညွှန်ပြသောတရား

## မင်္ဂလာတရား (၃၈)ပါး

၁။ လူမိုက်ကို ရှောင်ကြဉ်ရမည်။

၂။ ပညာရှိသောသူကို မှီဝဲဆည်းကပ်ရပါမည်။

၃။ ပူဇော်ထိုက်သောသူကို ပူဇော်ရပါမည်။

၄။ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရပါမည်။

၅။ ရှေးကပြုခဲ့ဖူးသော ကောင်းမှု ရှိရပါမည်။

၆။ မကောင်းမှုကို မပြုမိအောင် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရပါမည်။

၇။ အကြားအမြင်များအောင် ငှာ့လပြုရပါမည်။

၈။ အပြစ်မရှိသော အတတ်ကို တတ်ရပါမည်။

၉။ လူ့ဝိနည်း၊ ရဟန်းဝိနည်းတရားတော်ကို ကောင်းစွာ သင်အံလေ့ကျက်ရပါမည်။

၁၀။ တရားလမ်းကြောင်းသင့်၍ကောင်းမြတ်သော စကား ကိုဆိုရပါမည်။

၁၁။ အမိအဖတို့ကို လုပ်ကျွေး မွေးမြူရပါမည်။

၁၂။ သားမယားတို့ကို သင်္ဂြိုဟ်ထောက်ပံ့ရပါမည်။

၁၃။ အကုသိုလ် အနှောင့်အယှက်မရှိသော အလုပ်ကိုလုပ်၍ အသက်မွေးမြူရပါမည်။

၁၄။ နိဗ္ဗာန်ကိုတောင့်တ၍ အလှူပေးရပါမည်။

၁၅။ တရားနှင့်လျော်သော အကျင့်ကိုကျင့်ရပါမည်။

၁၆။ အဆွေအမျိုးတို့အား ပေးကမ်းထောက်ပံ့ရပါမည်။

၁၇။ လောက၌အပြစ်မရှိ၊ သံသရာ၌လည်း အပြစ်မရှိသော အမှုကိုပြုရပါမည်။

၁၈။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရပါမည်။

၁၉။ မကောင်းမှုမှ ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါးဖြင့် အထူး ရှောင်ကြဉ်ရမည်။
၂၀။ မူးယစ်စေတတ်သောသေရည်သေရက်ကိုသောက်စား ခြင်း၊ ရှုရှိုက်ခြင်းမှကောင်းစွာရှောင်ကြဉ်ရပါမည်။
၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရပါ။
၂၂။ ရိုသေထိုက်သောသူကို ရိုသေရပါမည်။
၂၃။ မိမိကိုယ်ကို နှိမ့်ချရပါမည်။
၂၄။ ခုသမျှ ပစ္စည်းဥစ္စာနှင့် ရောင့်ရဲတင်းတိမ်ရပါမည်။
၂၅။ သူတစ်ထူး၏ကျေးဇူးကို သိရပါမည်။
၂၆။ သင့်တင့်လျောက်ပတ်သောအခါ၌ တရားတော်ကို နာယူရပါမည်။
၂၇။ သည်းခံရပါမည်။
၂၈။ သူတော်ကောင်းတို့ ဆုံးမသောစကားကို ကောင်းစွာ နာယူရပါမည်။
၂၉။ ရဟန်းသံဃာတို့ကိုရိုသေလေးမြတ်စွာဖူးမြင်ရပါမည်။
၃၀။ သင့်တင့်လျောက်ပတ်သော အခါ၌ တရားတော်ကို ဆွေးနွေးမေးမြန်းရပါမည်။
၃၁။ မကောင်းမှုကို မပြုမိအောင် ခြိုးခြံစွာကျင့်ရပါမည်။
၃၂။ ခေထုန်အကျင့်မှကင်းသော မြတ်သောအကျင့်ကိုကျင့် ရပါမည်။
၃၃။ သစ္စာလေးပါးတရားကို ကောင်းစွာသိမြင်ရပါမည်။
၃၄။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါမည်။
၃၅။ လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသော်လည်း တုန် လှုပ်ခြင်းမဖြစ်ရအောင် မိမိစိတ်ကိုထိန်းရပါမည်။

၃၆။ စိုးရိမ်ခြင်းမဖြစ်ရအောင် စိတ်ကိုထိန်းရပါမည်။
၃၇။ လောဘ၊ဒေါသ၊မောဟဟူသရွေ့ မြူမျှမရှိစေရပါ။
၃၈။ ကြောက်ခြင်းဟူသော‌ဘေးလည်း မရှိစေရပါ။

## ပူပန်တတ်ခြင်းတရား (၁၀)ပါး
## နောင်တ ၁၀-ပါး

ဤ(၁၀)ပါးသော အကြောင်းအရာ လုပ်ငန်းကိစ္စတို့ကို ရှေးအခါက မပြုလုပ်ခဲ့မိသောသူသည် နောင်အခါ၌ စိုးရိမ်ပူပန်ရတတ်၏။

(၁) ရသင့်ရထိုက်သော ဥစ္စာပစ္စည်းကို မရသည်ရှိသော် စိုးရိမ်ပူပန်ရ၏။ ငါသည် ငယ်ရွယ်စဉ်အခါက ပစ္စည်းဥစ္စာကို မဆည်းမပူး မစုမဆောင်းမိဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၂) အတတ်ပညာမရှိသူအား အသက်မွေးရခြင်းသည် ဆင်းရဲငြိုငြင်လှ၏။ ငါသည် ငယ်ရွယ်စဉ်အခါ၌ အတတ်ပညာကို မသင်ကြားခဲ့မိဟုအိုမင်းသောအခါစိုးရိမ်ပူပန်ရ၏။

(၃) ငါသည် ငယ်ရွယ်စဉ်အခါ၌ ကောက်ကျစ်စဉ်းလဲသောအမှုကို ပြုခဲ့မိ၏။ သူတစ်ပါး ကျောကုန်းသားကိုစားသကဲ့သို့ ချောပစ်ကုန်းတိုက်သော စကားကိုဆိုခဲ့မိ၏။ ကြမ်းကြုတ်သောစကားကို ဆိုခဲ့မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၄) ငါသည် ငယ်ရွယ်စဉ်အခါက သူ့အသက်ကိုသတ်မိ၏၊ ရက်စက်ကြမ်းကြုတ်ခဲ့၏၊ ယုတ်မာခဲ့၏၊ သတ္တဝါတို့၌ သနားခြင်းကို မပြုခဲ့မိဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၅) ငါသည် ငယ်ရွယ်စဉ်အခါ သူတစ်ပါးတို့မသိမ်းဆည်းအပ်သော မိန်းမအများရှိပါလျက် သူတစ်ပါးမယားကိုမှီဝဲကျူးလွန်မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၆) ငါသည် ငယ်ရွယ်စဉ်အခါ ထမင်း အဖျော် ဥစ္စာစီးပွားရှိပါလျက် ဧလျှုဒါနကို မလှူဒါန်းမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၇) ငါသည် ငယ်ရွယ်စဉ်အခါ၌ ဥစ္စာအား၊ ကိုယ်အားဖြင့် စွမ်းနိုင်ပါလျက်အိုမင်းသော အမိအဖတို့ကိုမကျွေးမွေးမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

(၈) လက်ဦးဆရာဖြစ်၍ ဆုံးမပဲ့ပြင်လျက် အလုံးစုံသော အရာတို့ကို ငါ့အားပေး၍ ကျွေးမွေးပြုစုသောအဖကို ငါသည် မထီမဲ့မြင် ပြုခဲ့မိ၏ဟု နောင်အခါ၌စိုးရိမ်ပူပန်ရ၏။

(၉) သီလရှိ၍ ဗဟုသုတများသော ရဟန်း၊ သူတော်သူမြတ်တို့ကို ငါသည် ရှေးအခါက မဆည်းကပ်မိခဲ့ဟုနောင်အခါ စိုးရိမ်ပူပန်ရ၏။

(၁၀) ငါသည် ရှေးအခါ ငြိမ်သက်သော၊ ဆည်းကပ်အပ်သော၊ ခြိုးခြံသောအကျင့်မျိုးကို မကျင့်မိခဲ့ဟုနောင်အခါ စိုးရိမ်ပူပန်ရ၏။

ဤဆယ်ပါးသော အကြောင်းအရာ လုပ်ငန်း ကိစ္စတို့ကို ပြုလုပ်ခဲ့မိသောသူသည် နောင်အခါစိုးရိမ်ပူပန်ခြင်း ရှိနိုင်၏။

---

# နိဂုံး

မဟာကရုဏာတော် ကြီးမားလှသော ဗုဒ္ဓမြတ်စွာသည် လူဝတ်ကြောင်တို့ ဤဘဝ၌ စီးပွားချမ်းသာ ဖြစ်ဖို့ရာ အကြောင်းတရားများကို ဟောကြားတော် မူခဲ့ပါသည်။ ထိုစည်းစိမ်ရှင်လူအများတို့ မြင်ရကြားရ နမ်းရ စားသောက် ရတွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာ ခြင်း၊ စိတ်ချမ်းသာခြင်းကို "ဝေဒယိတသုခ"ဟု ခေါ်၏။ ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစား ခံစား၍ ကုန်ကုန် သွားသည့်အတွက်အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာဖွေ ခြင်းစသောဒုက္ခဖြင့် ထူထောင်ရ၏။ ထိုအသစ်အသစ်ရအောင် ထူထောင်ရသောဒုက္ခများ ခံစားရသောသုခနှင့် အဆမတန် ချေ၏။ ထိုသို့ဒုက္ခနှင့်ထူထောင်ပြီး နောင်ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ် နိုင်သောကြောင့် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခ ကျိုးကို အတိုးနှင့်တကွ ဒုက္ခဖြင့်ဆပ်ကြရလေသည်။ ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခသဘောကား ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘော သည်သာ ချမ်းသာစစ်ချမ်းသာမှန် ဖြစ်ပါသည်။

ယခုအချိန်ကာလသည် ဘုရားပွင့်တော်မူရာ သာသနာ တော်ရှိရာ အခွင့်အခါကောင်းများပင်ဖြစ်ပေသည်၊ ဤအခါ ကောင်းကို ရပ်ပြစ်ရှစ်ပါးမှ လွန်မြောက်သောကြောင့် "ဗုဒ္ဓုပ္ပါဒနဝမခဏ"ဟုခေါ်ဆိုပါသည်။

လယ်ယာစိုက်ပျိုးရေး၌ကျွမ်းကျင်သူသည် မျိုးစေ့စိုက် ပျိုးကြဲချိန်ကိုမလွန်စေသကဲ့သို့ ဉာဏ်ပညာရှိသူအမျိုးကောင်း

သားသမီးတို့သည် ဤ"ဗုဒ္ဓပူဇနီယပုဂ္ဂိုလ်"ကို မိမိ အတွက် အကျိုးမရှိဘဲ မကုန်လွန်စေသင့်ဟု မှတ်အပ်ပေသည်။

သို့ဖြစ်ပါသောကြောင့် ယနေ့မှစ၍ မင်္ဂလာ ဗိုလ်တရားများကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားအားထုတ်ကြပါဟု တိုက်တွန်း နှိုးဆော်အပ်ပါသည်။

---

ဆုတောင်းအမျှဝေ

# လင်္ကာ

၁။ သူ၏ကျေးဇူး၊ ရှိခဲ့ဘူး၊ အံထူးပြန်ဆပ်နိုင်စေသော်။
၂။ မဆပ်နိုင်နေ၊ ရှိခဲ့ပေစေ၊ မချေမဖျက်မိစေသော်။
၃။ နှင်ကဘာလဲ၊ ငါဘာလဲ၊ ပြိုင်ပွဲမဝင်မိစေသော်။
၄။ မကောင်းဝန်တို၊ မနာလို၊ ငါ့ကိုမချစ်ပြစ်စေသော်။
၅။ မာယာပိုမှောက်၊ မချော့မြှောက်၊ အခကာက်သုံးပါး ဖြောင့်စေသော်။
၆။ လှူ၍မကုန်၊ ပေးမကုန်၊ မကုန်နိုင်သောက်ရောက် စေသော်။
၇။ ချော့လေတိုင်းပြည့်၊ ပြည့်မဲ့ပြည့်၊ မရှိဆိုခြင်းကင်း စေသော်။
၈။ သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်း၊ အပေါင်း ကိုယ့်ကြောင့် အေးစေသော်။

၉။ အတူနေကောင်း၊ ထက်အောက်ကောင်း၊ မိတ်ကောင်းဆွေကောင်းကြုံစေသော်။

၁၀။ ကိုယ်ကလည်းကောင်း၊ထက်အောက်ကောင်း၊မိတ်ကောင်းဆွေကောင်းကြုံစေသော်။

၁၁။ ကုသိုလ်ဥစ္စာ၊ မြတ်ပညာ၊ ရဟုရကြောင်း၊ ဌာနကောင်း၊ဘုံကောင်းရပ်ကောင်းဖြစ်စေသော်။

၁၂။ ရှေးကကုသိုလ်၊ ခုကုသိုလ်၊ ဆီးကြိုဆင့်ဆင့် မြင့်စေသော်။

၁၃။ ကိုယ်စိတ်နှစ်ပါး၊ ထိန်းစောင့်ထား၊ မားမားမတ်မတ်ခိုင်စေသော်။

၁၄။ ပါရမီ(၁၀)ပါး၊ မြတ်တရား၊ တိုးပွားမမေ့တည်စေသော်။

၁၅။ သူတော်ဥစ္စာ၊ ခုနစ်ဖြာ၊မကွာကိုယ်၌တည်စေသော်။

၁၆။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာ၊ မကွာကိုယ်၌မြဲစေသော်။

၁၇။ အပါယ်ခြေကန်၊ ဘုံစဉ်စုံ၊ နိဗ္ဗာန်နောက်ဆုံး ရောက်စေသော်။

၁၈။ အမျှယာခု၊ ပေးဝေပြု၊ သာဓုနတ်လူခေါ်စေသော်။

---

အမျှဝေ

---

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊မြင်းမိုရ်တောင် ဦး၊ မကကျူးသား ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရပြားပါစေ၊ အမျှဝေ၏။

မသေ့နိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကာ စ၊ ယံမရာဇာ၊ ဒေဝါယက္ခ၊ ရုက္ခဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတ် တည်ရှိ ခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ပြဲပြ သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်

ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှတ်တည်စေသော်။